# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၂၄ ရက်မြောက်နေ့အစီအစဉ်

# [၂၁-၈-၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့တွင် ကွန်ပျူတာ တက္ကသိုလ်တစ်ခုတည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးကြင်သိန်း၊ ပဲခူး မဲဆန္ဒနယ်၏ **ပဲခူးမြို့နယ်တွင် နည်းပညာ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ဆရာအတတ်သင်သိပ္ပံ ကျောင်းများဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကျော်ဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၏ **ကန်ကြီးထောင့်မြို့၏ ဒါးကမြေ ရေတိုက်စားခြင်းကြောင့် မြစ်ကမ်းပါးပြိုကျမှု အန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရေး အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **ရေကြောင်းပို့ဆောင်ရေးနှင့် ဆိပ်ကမ်းဆိုင်ရာ ကိစ္စရပ်များ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်၏ **အိန္ဒိယနိုင်ငံက တည်ဆောက်ပေးရန် သဘောတူထားသည့် လမ်းပိုင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးသာဝင်း၊ ရန်ကင်း မဲဆန္ဒနယ်၏ **ရန်ကင်းမြို့နယ် အမှတ်(၅) ရပ်ကွက်အတွင်းရှိ ဖျက်သိမ်းမည့် တိုက်ဟောင်း (၆)တိုက်မှ အိမ်ထောင်စုများအား အမြန်ပြောင်းရွှေ့ နေရာချထားပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးယိန်းဘောမ်၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နှင့် ချီဖွေမြို့နယ် ဆက်သွယ်ရေးကားလမ်းပေါ်ရှိ ရှငေါ်အထက်နား ချောင်းကူး တံတားအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ရန်ကုန်–နေပြည်တော်–မန္တလေး အမြန်လမ်းမကြီး တည်ဆောက်ထားရှိမှု၊ လမ်းအရည်အသွေး တည်ဆောက်ထိန်းသိမ်းမှု** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စျ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဂန့်ဂေါ–ရွာစည်–လာဘို့–မြင်းဇာ–တောင်လယ်–ကျွန်းရုံသာ–လက်ပန်–သာကောင်း–ကန်ရွာလမ်းနှင့် ဂန့်ဂေါ–ပျား–အောင်မြင်–ခေါက်ရူ–ပန်းထိပ်–မင်းရွာ–ချောင်းနက်–ဖက်ဝန်း–မောလယ် လမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးဂျိဖုန်ဆားရ်၊ နောင်မွန်း မဲဆန္ဒနယ်၏ **ပူတာအိုခရိုင်အတွင်း လိုအပ်မည့် ယန္တရားများ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃ်္ဃန်းကျွန်း မဲဆန္ဒနယ်က **“ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ **“ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။